ရှောက်ပင် ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှောက်ပင် ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ လ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ရှောက်ပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက် အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ


ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထား ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရှောက်ပင် ကျေးရွာ
ပင်းတယမြို့နယ်

ရှောက်ပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း
ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာ လူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန် နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များက ိုုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့
ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေြြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်

အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပွေးလှမှ ဟဲဟိုးတောင်ကြီးသွားသည့်ကားလမ်းဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပင်းတယမြို့နှင့် ဆက်သွယ်သွားလားရလွယ်ကူသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏တစ်နှစ်မိုးရေသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး တောတောင်များ လည်းရှိသည်။ ကျေးရွာတွင် မြစ်ချောင်းများမရှိပဲ မြေပြင်အနေအထားမှာ တောင်ပေါ်ဒေသဖြစ်သည်။ တောင်ယာမြေများသည် စပါး၊ အာလူး၊ ဂျုံ၊ မုန်လာ၊ ပဲအမျိုးမျိုး ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်ည်သည်။ ကျေးရွာသည် နွေရာသီတွင် ရေရှားပါးမှုကြောင့် ရေများဝယ်သောက်နေရ၍ အခက်အခဲရှိသည်ကို ကြားသိကြသော အလှူရှင်များလည်း ရေများကိုလာရောက်လှူဒါန်းပေးကြသည်။ သို့သော်ငြားလည်း နွေရာသီတွင် ရေရှားပါးမှုအန္တရာယ် ရှိနေဆဲဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် စိုက်ပျိုးသည့်တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီလွှာအသင့်အတင့်ရှိသည်။ ကျေးရွာတွင် သယံဇာတထွက်ရှိမှုများမှာ သဲနှင့် ကျောက်တို့ဖြစ်ကြသည်။ အဓိကစိုက်ပျိုးသည့် သီးနှံမှာ မုန်လာထုတ်၊ ပန်းဂေါ်ဖီ၊ ပန်းမုံလာ၊ အာလူး၊ ဂျင်းနှင့် ခရမ်းချဉ်သီး တို့ဖြစ်ပြီး တစ်ရွာလုံးစိုက်ပျိုးသည့် ဧကပေါင်း(၃၀၀)ကျော် နီးပါးရှိသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်းမှာ (၁၅၀)စုနှင့် ကျား (၃၃၂)၊ မ(၃၃၉)ဦး ဖြင့် လူဦးရေပေါင်း (၆၇၁)ယောက်ရှိသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄.၆)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦး ထက်လျော့နည်းသည်။ ကျေးရွာတွင်နေထိုင်ကြသောလူမျိုးများမှာ ခနု/တောင်ရိုး လူမျိုးများဖြစ်သည်။ ဗုဒ္ဓဘာသာဝင် လူမျိုးများဖြစ်သည်။ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ (၇၀)ရာခိုင်နှုန်းခန့် ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံးဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းနေသည်။ ဆင်းရဲချမ်းသာသတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇.၆ ရာခိုင်နှုန်းသည် ဆင်းရဲနှင့် အလတ်တန်းစားအဆင့်တွင်သာများပြီး ၊ ၁၁ ရာခိုင်နှုန်းသည် ချမ်းသာကြွယ်ဝမှုများဖြစ်ပြီး ၊ ၄၁ ရာခိုင်နှုန်းသည် ဆင်းရဲသည့်အဆင့်နှင့် ၃၈ ရာခိုင်နှုန်းသ ည် အလွန်ဆင်းရဲသည့်အဆင့်အဖြစ်သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုအသင့်အတင့်ရှိကြသည်။ အလယ်အလတ်တန်းစား ဆင်းရဲသားအိမ်ထောင်စုများမှာ နွေစား၊ ပန်းရံ၊ ချေးငွေ စသည်တို့ဖြင့် စားရေးနေရေး/ ကျန်းမာရေး/ ပညာရေး စသည် အရေးများကို ရုန်းကန်ဖြေရှင်းကြရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုနည်းပါးသည်။ ရာသီအလိုက်လုပ်ငန်းများရှိသော်လည်း တစ်နှစ် ပတ်လုံး ဝင်ငွေရသည့်လုပ်ငန်းမျိုးမဟုတ်ပါ။ ရာသီအရအလုပ်ပြီးရင် အလုပ်အကိုင်များရှာဖွေရရှိရန် ကြိုးစားနေကြရသည်။ ကျေးရွာမှ ၄၁ ရာခိုင်နှုန်းသည် သူတစ်ပါးထံမှချေးငှားပြီးမှ နပ်မှန်စားသုံး နိုင်ကြသည်။ ၄၁ ရာခိုင်နှုန်းမှာ ၃ လမှ ၆လအထိ၊ ၇.၆ ရာခိုင်နှုန်းမှာ ၆လ မှ ၁၂ လ ခန့် သူတစ်ပါးထံချေးငှား စရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြသည်။ အကြွေးတင်ရှိမှုတွင် တစ်နှစ်လျှင်အိမ်ထောင်စုအလိုက် ကျပ်နှစ်သိန်း မှ ငါးသိန်း၊ ငါးသိန်းမှ ဆယ်သိန်းကျပ် တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၃၈ ရာခိုင်နှုန်းခန့်သည် ဆင်းရဲသည့်အိမ်ထောင်စုများဖြစ်ပြီး တစ်ပါးသူထံမှ တဆင့်မှီခိုအားထားနေကြရသည်။ အိမ်ထောင်စု ၅ စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သောအိမ်ထောင်စုများ ဖြစ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ ကလေးငယ် အများစုသည် လည်း ကျန်းမာကြသည်။ တစ်နည်းအားဖြင့် ရာသီကူးပြောင်းကာလများတွင် နှာစေး၊ ချောင်းဆိုး၊ ခေါင်းကိုက် စသောရောဂါများခံစားရတတ်ပါသည်။ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင် ဗဟုသုတများရှိကြသည်။ ကျေးရွာသူကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်းတွင်ရရှိနိုင်သော်လည်း မွေးလူနာများ၊ အဖျားရောဂါဝေဒနာပြင်းထန်စွာ ခံစားရပါက ကျေးရွာနှင့် (၁)မိုင်ခန့်ကွာဝေးသော ပွေးလှတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။

ကျေးရွာတွင် ၂၀၁၅-၂၀၁၆ တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းနှင့် ရွာသူရွာသားပူးပေါင်း၍ ဆောင်ရွက်ခဲ့သော ၂ လက်မ အဝီစိတွင်းနှင့် မိုးရေလှောင်ကန်များ အလွယ်တကူ အသုံးပြုနိုင်ကြသည်။

(ဇ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်လောက်ပဲရှိပြီး ရွာသားအများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နည်းပါးနေသေးသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် ပညာသင်ကြပြီး၊ အလယ်တန်း၊ အထက်တန်း ကျောင်း များကို ရွာနှင့် (၁)မိုင်ဝေးသော ပွေးလှ အ.ထ.က သို့ သွားရောက်ပညာသင်ကြားကြသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုနည်းပညာများကို လိုအပ်လျက်ရှိပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အ ခွင့်အလမ်းများ နည်းပါးလျက်ရှိသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ကျား-မရေးရာကိစ္စမှာ လွတ်လပ်မှုရှိပြီး ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများ အရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမရှိပေ။

ကျွန်ုပ်တို့ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးကိစ္စများအပါအဝင် ယောကျ်ားလေးများနှင့်တန်းတူညီတူ အခွင့်အရေးများရရှိသည်။ သို့သော် ကျွန်ုပ်တို့ရွာတွင် နေ့စားလုပ်ခများမှာ တခါတရံမှာ အမျိုးသားထက်သာလွန်နေသော်လည်း တခါတရံမှာ အမျိုးသားများထက်နိမ့်ကျသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်အားနည်းလျက်ရှိနေသေးသည်။ ကျားမတန်းတူညီမျှတမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း မိန်းကလေးများရဲရင့်လာအောင်

မိန်းကလေးများရဲ့ရင့်လာပြီး ဦးဆောင်နိုင်သည့် အဖွဲ့အစည်း များဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်လိမ့် မည်ဟုယုံကြည်ရပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၃)ဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၁)ဖွဲ့ ရှိပါသည်။

ယင်းအဖွဲ့အစည်းအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် စိတ်တူကိုယ်တူ အဖွဲ့လှုပ်ရှားဆောင်ရွက်မှုမှာ အသင့်အတင့်ရှိသည်။ နာရေးကူညီမှုအသင်း နာရေးကိစ္စအပါအဝင် လူမှုရေး လုပ်ငန်းများကို ရွာသူရွာသားများအားလုံး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး လုပ်ရှားဆောင်ရွက်မှုအားကောင်း ပါသည်။

ကျေးရွာတွင် အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါမည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မုန်လာထုတ်၊ ပန်းကော်ဖီထုပ်၊ အာလူး၊ ဂျင်း၊ ခရမ်းချဉ်သီးနှင့် ငရုပ်သီး တို့ အဓိကထား စိုက်ပျိုးကြသည်။ လက်ဖက်စိုက်ဧက ပေါင်း (၃၀၀)ကျော် ရှိပြီး သီးထပ်သီးညှပ်အဖြစ် ပန်ကော်ဖီ၊ ကော်ဖီထုပ်၊ ဂျုံ နှင့် ပန်းနမ်း တို့ စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ရန်နှင့် စိုက်ပျိုးရေးပစ္စည်းများ ကုမ္ပဏီများမှ လည်းကောင်း တောင်သူများအတွက် ဝန်ဆောင်မှုပေးရန်လိုအပ်သည်။

တောင်သူအများစုမှာ လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင် ရတတ်ပြီး လုပ်အားခပိုမိုပေးပြီး ငှားရမ်းသော်လည်း လုပ်အားအင်အား လုံလုံလောက်လောက်မရရှိနိုင်ပါ။ ထို့ကြောင့် စိုက်ပျိုးရေး အချိန်နောက်ကျမှုများဖြစ်ပြီး အချိန်မီ မစိုက်ပျိုးရခြင်း၊ အချိန်မီမခူးဆွတ်ရခြင်းကြောင့် သီးနှံထွက်နှုန်းများ လျော့ပါးခြင်း၊ ကုန်ချိန်အထွက်လျော့ခြင်းတို့ ဖြစ်ပါသည်။

ကျေးရွာတွင် ဝက်မွေးမြူသူအိမ်ထောင်စုမှာ အနည်းငယ်မျှသာရှိပြီး နွားမွေးမြူသည့် အိမ်ထောင်စု မှာ အများအပြား ရှိပြီး ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများလည်း ရှိသည်။ ရောဂါကြောင့် သေဆုံးပျက်စီး မှုများလည်း ရှိတတ်သည်။ ထို့ကြောင့် နည်းပညာဝန်ဆောင်မှု မြို့နယ်မွေးကုဦးစီးဌာနမှ ဝန်ထမ်းများမှ ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါသည်။

မွေးမြူရေးလုပ်ငန်းများမှာ အဟန့်အတားအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများမှာ မွေးမြူရေး လုပ်ငန်းတိုးချဲ့ရန်အတွက် ချေးငွေကို အလွယ်တကူမရရှိနိုင်သည့်အတွက် ရွာထဲမှ ငွေချေးသူများထံမှ ချေးငှား သော်လည်း အတိုးနှုန်းမြင့်မားသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား/ပန်းရံ/လက်သမား အလုပ်သမားများရှိပြီး အစိုးရဝန်ထမ်းမဟုတ်သေးပါ။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်သည့် အချိန်များတွင် အလုပ်အကိုင်နည်းပါးခြင်းကြောင့် ဝင်ငွေမမှန်ခြင်း၊ တွက်ချေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက် နိုင်သောအလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် လူဦးရေတွက်သာမက နောင်တစ်ချိန်မှာကြီးပြင်း လာကြမည့် လူငယ်လူရွယ်များအပါအဝင် အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ၊ စက်ပြင်၊ ကားပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြုပြင်၊ ဆံပင်ညှပ်၊ မုန့်လုပ်ပညာပေါင်းစုများ သင်တန်းပို့ချရန်ချိတ်ဆက်လိုအပ်ပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် သီးနှံစိုက်ခင်းများတွင် ဖက်ပိုးများကျရောက်ခြင်း၊ မိုရောဂါကျရောက်ခြင်း၊ လှောင်ရောဂါများအစရှိသော ရောဂါအမျိုးမျိုးကျရောက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသောကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသောကြောင့် တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ ဖြစ်ကြသည့် ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာအသိပညာပေး သင်တန်းများ ဟောပြောပွဲများ ကျင်းပပေးစေလိုပါသည်။ ကျွန်ုပ်တို့ကျေးရွာမှာ မြေမြင့်သောအပိုင်းတွင် တည်ရှိသောကြောင့် ရေကြီးခြင်း၊ ရေလွှမ်းမိုးမှုမရှိ၊ မုန်တိုင်းဘေးအန္တရာယ်နည်း ပါးပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေမှ ၆ လမှာ တစ်ကြိမ်ထုတ်ချေးပေးသည်။ ၆ လပြည့်လျှင် တစ်ခါပြန်ပေးဆပ်ရသည်။ တစ်ဧကလျှင်ကျပ်တစ်သိန်းနှုန်းဖြင့် အများဆုံး ၃ ဧကမှ ၄ ဧကအတွက်သာ ချေးယူနိုင်ကြသည်။ သို့ပါ၍ ထိုငွေများချေးယူရာမှာ ပုံစံ(၇)ရှိသူများ

သာချေးယူနိုင်ကြသည်။ တစ်ချို့သောတောင်သူများမှာ သမဝါယမဘဏ်မှ ထုတ်ချေးကြသည်။ အတိုးနှုန်းမှာ ၁.၅ ကျပ်တိုး သမဝါယမမှ ဖွဲ့စည်းပေးထားသော အဖွဲ့ဝင်များသာ ချေးယူကြသည်။ အဖွဲ့တွင် ချေးငွေကို (၆)လအထိသာချေးယူနိုင်ကြပြီး စည်းကမ်းပိုင်း တင်းကျပ်ထားသည်။

တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ လည်းကောင်း ပြင်ပအဖွဲ့အစည်း ထံမှ လည်းကောင်း အသိမိတ်ဆွေထံမှ လည်းကောင်း တစ်နှစ်အတိုးနှုန်း (၁၀)ကျပ်တိုးနှုန်းဖြင့် ချေးယူကြသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင် နှစ်ဆောင်ရှိပြီး အလျား ၆၀ ပေ၊ အနံ ၃၀ ပေ အရွယ်အစား ရှိပြီး သွပ်မိုးအုပ်ကာနှင့် အင်္ကတေခင်းကျောင်းဆောင်ဖြစ်ပါသည်။ ရွာသားအားလုံး မူလတန်းအောင် ရာခိုင်နှုန်းမြင့်မားသည်။ ၂၀၁၅-၂၀၁၆ ကျောင်းအပ်နှံသည့် နှုန်းထားမှာ မူလတန်းနှင့် အလယ်တန်း ပျမ်းမျှနှုန်းရှိသည် ။ အလယ်တန်းအဆင့်မှာ ကျောင်းတက်နေကြသည့် ကျောင်းသားကျောင်းသူများမှာ ရွာနှင့် တစ်မိုင်ကွာဝေးသောခရီးကို လမ်းလျှောက်ပြီးမှ ပွေးလှ အ.ထ.က သို့ ကျောင်းတက်ရပါသည်။

ကျောင်းတွင် ကျောင်းဆရာ/မ လုံလောက်မှုရှိသည်။ မူလတန်းကျောင်းသားများအတွက် ရေးစာအုပ်နှင့် ဖတ်စာအုပ်များကို လည်း နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပံ့ပိုးပေးသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသေးပါ။ ကျွန်တော်တို့ရွာတွင် အိမ်ထောင်စုပေါင်း (၁၅၀)စုရှိပြီး (၈၀)ရာခိုင်နှုန်းမှာ လျှပ်စစ်မီးသုံးစွဲနိုင်ကြပြီး ကျန်ရှိသည့် (၂၀)ရာခိုင်နှုန်းမှာ လျှပ်စစ်မီးသုံးစွဲရန်အတွက် စားဝတ်နေရေး ရုန်းကန်လှုပ်ရှားနေရသည့်အတွက် လျှပ်စစ်မီးသုံးစွဲရန်အတွက် စားဝတ်နေရေး ရုန်းကန်လှုပ်ရှားနေရသည့် အတွက် လျှပ်စစ်မီးသုံးစွဲရန်အခက်အခဲတွေနှင့် ရင်ဆိုင်နေရသည်။

သောက်ရေအတွက်မှာ မိုးရေကိုအဓိက အသုံးပြုကြသည်။ ရွာသူရွာသားအများစုမှာ သုံးရေမရှိသဖြင့် သောက်ရေကိုလည်း သုံးရေအဖြစ်သုံးစွဲမှုကြောင့် သောက်ရေအတွက် အခက်အခဲနှင့်ရင်ဆိုင်နေရသည်။ ကျေးရွာတွင် ၇၀ ရာခိုင်နှုန်းမျှသာ ယင်လုံအိမ်သာကိုဆောက်လုပ်သုံးစွဲကြပြီး ကျန်ရှိသည်။ ၃၀ ရာခိုင်နှုန်းမှာ ကျင်းတက်များဆောက်လုပ်သုံးစွဲကြသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများ စနစ်တကျဆောက်လုပ်ထားသောကြောင့် ကျောင်းသူ ကျောင်းသား အသုံးပြုရန်လွယ်ကူလှသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူ စခန်းများသီးသန့်မရှိပါ။ ကျေးရွာတွင် ရှိကြသည့် အမျိုးသား၊ အမျိုးသမီးများသည် ကျေးရွာရဲ့လူမှုရေး၊ ဘာသာရေးကိစ္စများတွင်လည် တက်တက်ကြွကြွ ညီညီညာညာဆောင်ရွက်ကြသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရှောက်ပင်ကျေးရွာမှ ပွေးလှသို့ ဖောက်လုပ်ထားသောလမ်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးရွာရဲ့ လူထုအင်အားနှင့် လွတ်တော်ရန်ပုံငွေတို့ပူးပေါင်း၍ ဝိုင်းဝန်းဖောက်လုပ်ခဲ့ကြသည်။ ထိုမြေသား လမ်း၏အရှည်မှာ ၁ မိုင်ခွဲ ရှိပါသည်။ ယခုအခါ မှာတော့ ၂၀၁၅-၂၀၁၆ ခုနှစ် မှစပြီး နတလ ဦးစီးဌာနမှ ပံ့ပိုးကူညီမှု ရပ်ရွာမှ ကောက်ခံရရှိသည့် ငွေအင်အားလူအင်အားများဖြင့် ဆောင်ရွက်ခဲ့သောကြောင့် မြေသားလမ်းမှ သဲကျောက်လမ်းအဖြစ်သို့ ရောက်ရှိအသုံးပြုလျက်ရှိသည်။

ကျေးရွာတွင်းရှိရွာတွင်းလမ်းများမှာ တစ်ချို့မြေသားလမ်းဖြစ်ပြီး တစ်ချို့သဲကျောက်လမ်း ဖြစ်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၁၁)စီး နှင့် ထွေလာဂျီ ၁၁ စီး၊ ကား ၄ စီး နှင့် နွားလှည်း(၆၇)စီး တို့ကို အသုံးပြုလျက်ရှိကြသည်။ ကျေးရွာတွင် လျှပ်စစ်မီး ကို ကျေးရွာရှိအိမ်ထောင်စု ၉၀ ရာခိုင်နှုန်း ခန့်သွယ်တန်းအသုံးပြုနေကြပြီး ကျန်သည့် ၁၀ ရာခိုင်နှုန်းမှာ အသုံးမပြုနိုင်ကြသေးပေ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်များ ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်း ရောင်းဝယ်ရေး သွားလာနေထိုင်ရေးချောမွေ့ပါသည်။ ရွာသူရွာသားများသည် မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအချက်အလက်များကိုလည်း ရရှိနိုင်သည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲနိုင်သောအိမ်ထောင်စုများမှာ ထမင်း၊ ဟင်းချက်ပြုတ်ရာမှာ ထင်းသက်သာသည့်အပြင်လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်နိုင်ပြီဖြစ်သောကြောင့် ထင်းခုတ်၍သက်သာပြီး သစ်တောများပြုန်းတီးမှုနည်းပါးလာတော့မည်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝအတွက် အထောက်အပံ့ဖြစ်ရုံသာမက ကျောင်းသားကျောင်းသူများအတွက် စာကျက်ရာတွင် အထောက်အပံ့ဖြစ်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ပါသည်။

(ခ) အဟန့်အတား‌နှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသံယံဇာတ ပစ္စည်းများ မထွက်ရှိပါ။ လယ်မြေများကို တိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့်လက်သမားများအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

တောင်သူများအနေဖြင့် ဘဏ်စုံပိုးမွှားနှိမ်နှင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမြင့်မားတတ်သည်။

ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း တတ်သိပညာ၊ အထိအတွေ့တို့နည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို ရရှိစေမည်။

က.၂)ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကိုရရှိစေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန် အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ

အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများ ထွန်းကာလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကာလာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာသင်တန်းများတက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန် ကျေးရွာရရှိထားသော နည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများ တွင်အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ယိုနှင့်မုန့်လုပ်ငန်း ဆံပင်ညှပ်၊စက်ပြင်၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန်သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့်ချိတ်ဆက် ပေးမည်။

ခ.၃)ကျေးရွာ စာသင်ကျောင်း၏ခြံစည်းရိုးကာပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတို့မြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး မူလတန်းကျောင်းနှင့် တစ်မိုင်ခန့်ဝေးသော အထက်တန်းကျောင်းတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက် သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တန့်မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့် ပါသည်။ ကျွန်တော်တို့ကျေးရွာသားကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ပြောင်းကိုလည်း ယာများတွင်စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျတ်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျတ်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်ရည်စွမ်းရှိကြကာ တောင်သူများအတွက်သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျှော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှာ နှိမ်နှင်ရေးနည်းပညာ အသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်း

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝယမအသင်းအဖွဲ့ အစည်း ထားရှိခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်း အဖွဲ့အစည်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူများ အတွက်ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလက်မျုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင် နှင့်အမြတ်အစွန်းရရှိရန်အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်း ရရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ ၊ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်း မီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊

စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ ။ နိုင်ငံတော်အစိုးရအနေဖြင့် လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက် ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ ပညာပေးရေးဝန်ထမ်း အချို့ပါဝင်မည် ဖြစ်ပြီး၊မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေး လုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရံပုံငွေလည်း ရရှိပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်း ဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့် စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့် သဘောပင်ဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာ စီမံချက်ကာလအတွင်း ပါဝင်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျွန်တော်တို့ရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤမျှမက ကျေးရွာလူထု သည် ၂ နှစ် ၃နှစ်သာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ၅ နှစ်တာကာလ တလျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ၅နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ၄ နှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း၊ စီမံကိန်း စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍

စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(ဦးစားပေးဆောင်ရွက် ခြင်း)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားခြင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားခြင်းစာနာမှုဆိုင်ရာအထောက်အပံ့ တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိနိုင်ရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ ကျောင်းဆရာမဝန်ထမ်းအိမ်ရာ ၄ခန်းတွဲ ၁	၅၀	၁		ကျေးလက်ဦးစီး
	ထပ်ဆောက်လုပ်ခြင်း	၃၅	၅		
	၅။ စာကြည့်တိုက်တည်ဆောက်ခြင်း			- ကျေးလက်ကျောင်းဆရာမများဝန်ထမ်း နေအိမ် ပိုမိုအဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း	
လမ်း၊ တံတား၊ ပို့ဆောင်ဆက်သွယ်ရေး					
	၂။ ကွန်ကရစ်တံတား ၄ စင်း (၁၄'-၆'-၃')	၄၈	၂	-	
	၄။ ရွာတွင်းလမ်းကျောက်ချောခင်းခြင်း ၂ မိုင်	၄၀	၄	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ဆောင်ရွက် ပေးခြင်း	

လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား			
၁၀။ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေး ဟောပြောပွဲ များ ကျင်းပပေးခြင်း၊	၈	၁၀	- လူငယ်များအသိပညာ တိုးပွာစေလိုခြင်း၊
၁၁။ စာပေဟောပြောပွဲ ပြုလုပ်ခြင်း	၅	၁၁	
ရေ			
၃။ရေထွက်မှ ရေသွယ်ယူရန် ရေပိုက် ထောက်ပံ့ပေးခြင်း (၇၀၀)လုံး	၄၅	၃	- ကျေးရွာမှပြည်သူများ ကျန်းမာသန့်ရှင်းသော သောက်သုံးရေ ရရှိစေခြင်း
အလုပ်အကိုင်အခွင့်အလမ်း			
၆။အရင်းအနှီး (ကျဘမ်း)	၃၀	၆	
၇။အသက်မွေးဝမ်းကျောင်းသင်တန်း	၂၀ ၁၀	၇ ၉	- ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိစေ၍ စားဝတ်နေရေးပြေလည်စေခြင်း
၉။ စိုက်ပျိုးရေးနည်းပညာပေး သင်တန်			
ကျန်းမာရေးကဏ္ဍ			
၈။ မွေးကုန့်ချိတ်ဆက်ပြီး ကာကွယ်ဆေးပုံမှန်ထိုးရန်	၁၅	၈	- ကျေးလက်ရှိတိရစ္ဆာန်များ ဖွံ့ဖြိုးမှုအားကောင်း လာစေပြီး ဝင်ငွေများတိုးပွားလာစေခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ကျောင်းဆရာမဝန်ထမ်းအိမ်ရာ ၄ ခန်းတွဲ ၁ ထပ်	၁	——	——	——	——	——
၂။ကွန်ကရစ်တံတား ၄ စင်း (၁၄'-၆'-၃')	၂	——	——	——	——	
၃။ရေထွက်မှ ရေသွယ်ယူရန်ရေပိုက်ထောက်ပံ့ပေးခြင်း (၇၀၀)လုံး	၃	——	——	——		
၄။ရွာတွင်းလမ်းကျောက်ချောခင်းခြင်း ၂ မိုင်	၄		——	——		
၅။စာကြည့်တိုက်တည်ဆောက်ခြင်း	၅			——	——	
၆။အရင်းအနှီး(ကျဘမ်း)	၆	——	——	——	——	——
၇။ အသက်မွေးဝမ်းကျောင်းသင်တန်း	၇	——	——	——	——	——
ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများပြီး ထိုအခြေအနေမှာ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ ဝပ်လျှော့ စသော အသက်မွေးဝမ်းကျောင်း အချို့ကို ဝန်ဆောင်မှုပေးနိုင် သောလုပ်ငန်းများ မြို့ပေါ်မှာ ရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
လက်သမား	အတတ်ပညာရှိ
ကားသမား	သယ်ယူပို့ဆောင်ရေး
ဈေးရောင်း	ဝင်ငွေရရှိမှု

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
လက်သမား	ပစ္စည်းဝယ်ရန် ငွေကြေးအခက်အခဲရှိသည်။
ဆိုင်ကယ်ပြင်	ပစ္စည်းဝယ်ရန် ငွေကြေးအခက်အခဲရှိပါသည်။
ဝါးပေါများသည်	လက်မှုပညာမတတ်
ဈေးရောင်း	အရင်းအနှီးမရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်သမားများအချို့ရှိသော်လည်း ခေတ်မီလက်သုံးကိရိယာများဝယ်ယူ ရန်ငွေကြေးအခက်အခဲရှိနေပါသည်။ ဝါးပေါများသော်လည်း လက်မှုပညာမတတ်မှုနည်းပညာ မရှိသောကြောင့် ခမောက်၊ ခြင်းတောင်းလုပ်ငန်းများ မတတ်ကြပါ။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု	၁၁	၉	၆	၁၅	၇	၅	၁၂	၂	၁	၃
၂	ရွှေပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ	-							-	-	-
၃	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	-									
	၆ လ အထိ	-									
	၁၂ လ အထိ	-									
	၁၂ လ အထက်	-	၉	၆	၁၅	၇	၅	၁၂	၂	၁	၃

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ လူဦးရေအနည်းငယ်မျှသာရှိပါသည်။ သူတို့သွားရောက်လုပ်ကိုင်နေသည်မှာ ၁၂ လ အထက်ကြာပြီဖြစ်ပါသည်။ ရွှေ့ပြောင်း သွားလာလုပ်ကိုင်နေသူ တစ်ချို့မှာ မိသားစုအတွက် လူနေမှုအဆင့်အတန်းမြင့်မားအောင် ကြီးပွားတိုးတက်အောင် ၊ အများနှင့်တန်းတူ နေထိုင်နိုင်ရန်အတွက် ကိုယ့်ရပ်ကိုယ့်ရွာတွင် မလုပ်ကိုင်တော့ပဲ အခြားမြို့၊ အခြားရွာသို့ ပြောင်းရွှေ့လုပ်ကိုင်နေ ကြသည်။ တစ်ချို့မှာ ပညာတတ်မြောက်ပြီး၊ ဘွဲ့ရဖြစ်သဖြင့် အစိုးရဝန်ထမ်းအလုပ်ဖြင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင် နေရခြင်းဖြစ်သည်။

(၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၁၅
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြသူတို့၏ အဓိကအကြောင်းမှာ မိသားစုစီးပွားရေး အဆင်ပြေစေရန် မိမိဘဝတိုးတက်ရာတိုးတက်ကြောင်း အလုပ်ဝင်ငွေအခွင့်အလမ်းကောင်းများ ရှာဖွေရန် ရွှေ့ပြောင်းသွားလာ လုပ်နေရခြင်းဖြစ်သည်။

(၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၁၁			၃	၈
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)			-	-	-
	- ဘဏ်	၁		-	-	-

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
	- လူကြုံဖြင့်လွှဲပို့ခြင်း	၇		-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်			-	-	-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း	၃		-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုများမှာ ပြန်ပို့ငွေကို ဘဏ်၊ ကိုယ်တိုင်၊ လူကြုံ စသည်ဖြင့် အသီးသီးပို့လေ့ရှိကြသည်။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(မိုင်)	ပွေးလှ ၂ မိုင်	အောင်ပန်းဈေး ၁၈ မိုင်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ကျောက်လမ်း၊ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်	ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု	ပြောင်း၊ ဂျုံ၊ ပဲ အမျိုးမျိုး	အာလူး၊ မုန်လာ၊ ခရမ်းချဉ်သီး
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှာ အနီးဆုံးဈေး ပွေးလှဈေး ၂ မိုင် အကြီးစားဈေးကွက် အောင်ပန်းဈေး ၁၈ မိုင် ကျောက်လမ်းဖြစ်ပြီး ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်တို့ အသီးသီး သွားလာကြသည်။ ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုမှာ ပြောင်း၊ ဂျုံ၊ ပဲအမျိုးမျိုးဖြစ်ပြီး အနီးဆုံးဈေး ပွေးလှဈေးတွင် ဝန်ဆောင်မှုရှိသည်။ အကြီးစားဈေးကွက် အောင်ပန်းဈေး၌ အာလူး၊ မုန်လာ၊ ခရမ်းချဉ်သီး စသည်တို့ကို ဝန်ဆောင်မှုပေးသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်၊ သမဝါယမ ငွေ)	ငွေသား	၇ လ	၇ လ	မြေသား	ပုံစံ(၇)ရှိမှသာ ချေးယူနိုင်သည်။
ပုဂ္ဂလိကဘဏ်					
ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ်	ငွေသား	၉ လ			စိုက်ပျိုးရေးလုပ်ငန်းလုပ်မှသာ
ငွေချေးပေးသူ					
အပေါင်ဆိုင်					
မိတ်ဆွေနှင့်ဆွေမျိုးများ					
အခြား	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူလယ်သမားများသည် မြန်မာစိုက်ပျိုးရေးဘဏ်မှ ချေးငွေများကို အတိုးဖြင့်ချေးယူနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေများကို (၁၀)လ အထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်း တွင် တင်းကျပ်ထားသည်။ ရွာသူ ရွာသား များသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရောင်းဝယ်ရေး စသည်တို့အတွက် ချေးယူကြပြီး ကျေးရွာတွင် အဆင်ပြေမပြေသော အိမ်ထောင်စု ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်မှုအရ အကြွေးတင်ရှိမှုမှာ ၂၀၀၀၀၀ ကျပ်မှ ၁၀ သိန်းကျပ်အထိ တင်ရှိနေ ကြောင်းသိရှိရသည်။ တစ်ချို့မှာ အနည်းငယ်မျှသာ တင်ရှိနေကြောင်းတွေ့ရှိရသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	လတ်	မြေဆီလွှာအသင့်အတင့်ကောင်းသည်။
အပင်မျိုးစိတ်များ	လတ်	
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	လတ်	
ရေရင်းမြစ်	မြင့်	နွေရာသီမှာရေမရှိ၍ ရေခန်းပါသည်။
ငါးမျိုးကွဲများ	မြင့်	မရှိပါ။
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	လတ်	စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်အခြေအနေမှာ မြေဆီလွှာ အန္တရာယ်ရှိမှုသည် အလယ်အလတ်ဖြစ်သည်။ အပင်များကိုဖျက်ပိုးများဝင်ရောက်လာကာ ဆေးဖျန်းမှုစနစ်မကျ သဖြင့် အန္တရာယ်ကြုံတွေ့ရတတ်သည်။ ရေရင်းမြစ်အန္တရာယ်ရှိမှုမှာလည်း မိုးရာသီ၌သာရေပေါပြီး နွေရာသီတွင် ရေရှားပါးမှုအန္တရာယ်နှင့် ကြုံတွေ့ရသည်။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျမစွန့်ပစ်လျှင်လည်း မြေဆီလွှာပျက်စီးမှုအန္တရာယ်ကို ဖြစ်ပေါ်စေတတ်သည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၃	၁၅	၁၈	၃.၃%
ဘုန်းကြီးကျောင်းသင်ပညာရေး	၁၂	၃	၁၅	၂.၇%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၁၀၈	၈၆	၁၉၄	၃၅.၂%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၁၃၅	၁၄၁	၂၇၆	၅၀.၁%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁၀	၂၂	၃၂	၅.၈%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁	၉	၁၀	၁.၈%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၂	၄	၆	၁.၁%
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	**၂၇၂**	**၂၈၀**	**၅၅၁**	၁၀၀%

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်သည်

နည်းပါးပြီး ကျား၊ မ ပေါင်း (၆)ဦး မျှသာရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းတွင် တတ်ရောက်သင်ကြားနိုင်ကြသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၃ ပုံ ၁ ပုံ မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏
မူလတန်း(၅-၉နှစ်)	၃၂	၂၃	၅၅	
အလယ်တန်း (၁၀-၁၄နှစ်)	၂၀	၂၃	၄၃	
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၈	၁၂	၂၀	
၂၆.၇၅တက္ကသိုလ် ကျောင်းသား၊ သူ	၁	၈	၉	

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းတက်နှုန်း ကျောင်းသားဦးရေမှာ ကျား၊ မ ပေါင်း (၁၂၇)ဦး ရှိပါသည်။ ပညာသင်ယူနေသော ကျောင်းသားကျောင်းသူများ သည် မူလတန်းနှင့်အထက်တန်းကို ပွေးလှမြို့အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်သင်နေရခြင်း ဖြစ်သည်။ ကျောင်းတက်နေသော ကျောင်းသားကျောင်းသူများ၏ ပညာအရည်အချင်းမှာ အသင့်အတင့်ရှိသည်။ ကျေးရွာတွင် မူလတန်းအထိသာရှိပြီး အလယ်တန်းအဆင့်ထိမရရှိသေးပေ။ သို့ဖြစ်၍ အလယ်တန်းကျောင်း လိုအပ်နေကြောင်းသိရှိရသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း	
ရွာမှအကွာအဝေး(မိုင်)	၁.၅ မိုင်	
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်	
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)		
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်၊ သဲ၊ ကျောက်	
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	ရှိ ၊ အိမ်သာအသင့်အတင့်ရှိ	
ကျောင်းအာဟာရတိုက်ကျွေးမှု	သာဂူ၊ ခေါက်ဆွဲ စသည်ဖြင့်	

အကြောင်းအရာ	မူလတန်းကျောင်း					
(အာဟာရအမျိုးအစားနှင့် ကြိမ်ရေ)	တစ်နှစ်မှာ ၃ ကြိမ်					
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၂	၄	၆			
ကျေးရွာခန့်	-	-	-			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းကို အုတ်၊ သဲ၊ ကျောက်၊ သွပ်ဖြင့်ဆောက်လုပ်ထားပါသည်။ အိမ်သာလုံလောက်မှုရှိပါသည်။ ကျောင်းသုံးပရိဘောဂများလည်း အနည်းငယ်လုံလောက်မှုရှိပါသည်။ ကျေးရွာရှိ စာသင်ကျောင်းသည် ရွာ၏အလယ်တွင်ရှိပါသည်။ ကျောင်းသားကျောင်းသူများသည် စာသင်ကျောင်းကို လမ်းလျှောက်သွား ကြရပါသည်။ ကျေးရွာရှိ စာသင်ကျောင်း၏ ကျောင်းဆရာ/ဆရာမ ဦးရေမှာ (၆)ဦးရှိကာ ဂရုတစိုက်သင်ကြားပေးလျက်ရှိ ပါသည်။ ဆရာ/ဆရာမ များသည် ကျေးရွာခန့်မရှိဘဲ အစိုးရခန့်များဖြစ်ကြသည်။ ကျောင်းအာဟာရတိုက်ကျွေးမှုလည်း အနည်းငယ်ရှိပါသည်။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	ဥဏ္ဍထိန်သောကျောင်းသားများကို သင်ကြားရာတွင် နည်းနည်းတော့ ခက်ခဲသည်။
တပည့် - ဆရာ အချိုး	လုံလောက်မှုရှိသည်။
မူလတန်းပညာ ကျောင်းထွက်နှုန်း	ကျောင်းဆက်မတက်နိုင်၍ ထွက်လိုက်ရခြင်းဖြစ်သည်။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မသန်စွမ်းသူများမရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုရှိသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ကျောင်းစရိတ်မတတ်နိုင်သောမိသားစုများရှိပါသည်။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	လက်လှမ်းမီမှုမရှိပါ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ အချို့ကအဆင်ပြေသော်လည်း အချို့က အခက်အခဲနှင့် ပြဿနာများရှိပါသည်။ တစ်ချို့မိဘများသည် ကျောင်းစရိတ်မတတ်နိုင်မှု၊ စီးပွားရေး ငွေရေးကြေးရေ အဆင်မပြေမှုကြောင့် မူလတန်းပြီးလျှင် ကျောင်းဆက်မထားနိုင်တော့ဘဲ ကျောင်းထွက်လိုက်ရသည်။ ကျေးလက်ဒေသဖြစ်သောကြောင့် ပညာရေးနှင့်အလှမ်းဝေး၍

တစ်ချို့ကပညာရေးကို ဦးစားမပေးကြပေ။ တစ်ချို့မိသားစုများသည်လည်း ပညာရေးကို ဦးစားပေး၍ သားသမီးများကို ပညာရည်ဆုံးခန်း တိုင်အောင် ထားရှိလေ့ရှိကြသည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		✔		ရာသီဥတုဖောက်ပြန် အစားအသောက်ကြောင့်ဖြစ်တတ်ပါသည်။
၂	သွေးလွန်တုပ်ကွေး				
၃	ငှက်ဖျား			✔	
၄	အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ			✔	
၅	HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ			✔	
၆	တီဘီ			✔	
၇	ဆီးချို			✔	
၈	သွေးတိုး			✔	
၉	အသည်းရောဂါ (ဘီ၊ စီ)			✔	
၁၀	အာဟာရချို့တဲ့မှု			✔	
၁၁	အခြား ကူးစက်နိုင်သောရောဂါများ			✔	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ရွာသား အားလုံး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာရေးကောင်းမွန်ကြသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်မှုနည်းပါးသည်။ ဆေးရုံ၊ ဆေးခန်းများ လက်လှမ်းမီမှုရှိသောကြောင့် ရောဂါဖြစ်ပွားမှုနည်းပါးသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ		✔	

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		✔	
၃	ပိုလီယိုရောဂါ		✔	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✔		
၅	ဝက်သက်ရောဂါ	✔		
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	✔		
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✔		
၈	အာဟာရပညာပေးအစီအစဉ်		✔	

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးထိုးခြင်းရှိပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ၁ နှစ်ခွဲ အောက်၊ ၅ နှစ်အောက်ကလေးငယ်များကို ကာကွယ်ဆေးထိုးခြင်း၊ ဆေးကျွေးခြင်းများပြုလုပ်ပေးလျက်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ တစ်လတစ်ကြိမ် လာရောက်ပြုလုပ်ပေးခြင်း ဖြစ်ပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန			ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်-	ရှိ	

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
တိုက်နယ် ဆေးရုံ	၂ မိုင်	ရှိ	ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-	ရှိ	
မြို့နယ် ဆေးရုံ	၈ မိုင်	ရှိ	ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-	ရှိ	
ဆေးဆိုင်			ဆေးဝါးကျွမ်းကျင် သူ	လက်လှမ်းမှီမှု-- (ရှိ) ဆေးဝါး-- (ရှိ) သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်-- (ရေခဲသေတ္တာ)	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆေးရုံဆေးပေးခန်းများမရှိသော်လည်း ကျေးရွာ၏ ကျေးရွာအုပ်စုဖြစ်သော ပွေးလှမြို့တွင် ဆေးရုံ၊ ဆေးပေးခန်း ရှိပါသည်။ ဤဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းဦးရေ လုံလောက်မှုရှိသောကြောင့် ရွာသူရွာသားများသည် ကျန်းမာရေးအတွက် ဝန်ဆောင်မှုများ လက်လှမ်းမီမှုရှိပါသည်။

မြို့နယ်ဆေးရုံလည်း ရှိပါသည်။ ပင်းတယမြို့သည် ရွာမှ (၈)မိုင်ကွာဝေးလျက် လျှပ်စစ်မီးရရှိသောမြို့ဖြစ်သည့်အတွက် အအေးခန်းနှင့် သိုလှောင်ရန်လိုအပ်သောဆေးများကို ရေခဲသေတ္တာသုံးပြီးသိုလှောင် ထားနိုင်သည်။ ကျန်းမာရေးအတွက် ကုသရန်ဆေးနှင့် ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ လုံလောက်မှုရှိပြီး ဆရာဝန်၊ ဆရာမ၊ သူနာပြုများ ရှိသောကြောင့် ကျန်းမာရေးအထောက်အပံ့များ လုံလောက်မှုရှိပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း		အကောင်း		✔	✔	
အဝီစိတွင်း (စက်တပ်)						
အဝီစိတွင်း/တုံကင်						
ရေကန်		အကောင်း		✔	✔	
မြစ်/ချောင်း	၈၆					
မိုးရေသိုလှောင်ကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း						
အခြား	-					

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေ ရရှိမှုအတွက်ရေကို ရေတွင်းရေကန်များမှ သုံးစွဲကြရသည်။ အိမ်ခြံ ဝင်းအတွင်း ရေတွင်းတူးထားပြီး ရေဝင်ရောက်မှုရှိရန် အိမ်ခေါင်မိုးမှသွယ်တန်းကာထည့်သွင်းထားရခြင်းဖြင့် သုံးစွဲကြရသည်။ ရေလုံလောက်မှုအသင့်အတင့်ရှိသော်လည်း နွေရာသီတွင်ရှားပါးသည်။

(၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၆၄	ကျန်းမာရေးနှင့်ညီညွတ်စေရန် ယင်လုံအိမ်သာကို သုံးစွဲ ရခြင်းဖြစ်ပါသည်။
ကျင်းအိမ်သာ	၈၀	
မြေပေါ် အိမ်သာ		
တောထိုင်	-	
စုစုပေါင်း	၁၄၄	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် ယင်လုံအိမ်သာကို အသုံးများကြသည်။ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသား၊ ကျောင်းသူ များ အသုံးပြုရန်လွယ်ကူသည်။

(၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု	√		
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	√	-	
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	-	√	
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	√		
၅	အခြား (ရှိလျှင်)		√	

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျား၊ မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်

ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြား နယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက် ထက်နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်းများတွင် မိန်းကလေးအရေအတွက်မှာ ယောကျ်ားလေးအရေအတွက်ထက်ပိုများနေ၍ အမျိုးသမီးများ အတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားနှင့် အတူတူပင်ဖြစ်သည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၁/၂	ဆိုး	၂၀၀၃		✔	၂မိုင်
ချဉ်းကပ်လမ်း	၂	ကောင်း	၂၀၀၂		✔	၂ မိုင်
ရွာချင်းဆက်လမ်း	၁	ဆိုး	၂၀၁၄		✔	၁ မိုင်
အခြား						

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၂၀၀၃ ခုနှစ်က ၂ မိုင် အရှည်ရှိကျောက်ချောလမ်းကို ရွာသူရွာသားများ ပူးပေါင်း ပါဝင်ခင်းပေးခဲ့သည်။ ကျေးရွာရှိ ရွာလမ်းမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်၊ ထော်လာကျီ၊ လှည်းများ အသီးသီး အသုံးပြု မောင်းနင်ကြသည်။ ကျေးရွာရှိ ချဉ်းကပ်လမ်းကို ၂၀၀၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ကျောက်ချောလမ်းဖြစ်အောင် အစိုးရနှင့် ရွာသူရွာသားများက ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်။ ယခုအခါ လမ်းသည် တိုးတက်ကောင်းမွန်လာပြီး ရွာသူရွာသားများနှင့် ခရီးသည်များ သွားလာရလွယ်ကူအဆင်ပြေစေပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	-				

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ကွန်ကရစ်တံတား					
ကြိုးတံတား					
ရေပြွန်	၁၂ ပေ၊ ၄ ပေ	ဆိုး	၂၀၀၅		✔
အခြား	-				

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် တံတားကြီး ကြီးကြီးမားမားမရှိပါ။ ရေပြွန်တံတားအနည်းငယ်မျှသာ ရှိပါသည်။ ဤတံတား၏ အရွယ်အစားမှာ အလယ်အလတ်ဖြစ်ပြီး သုံးစွဲရန်အတွက် အသင့်အတင့်ကောင်းမွန်သည်။ ဥပမာ- မိုးရာသီတွင် သုံးစွဲမှုခက်ခဲပြီး နွေရာသီတွင် ချောမွေ့စေပါသည်။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-			
ပင်လယ်ရေကြောင်း	-			
အခြား	-			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သဘော်

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သဖြင့် ရေကြောင်းသယ်ယူပို့ဆောင်မှုမရှိပါ။ မြစ်၊ ချောင်း၊ အင်း၊ အိုင် များလည်း မရှိပါ။ မော်တော်၊ သဘော်များလည်း သွားလာခြင်းမပြုလုပ်ရပါ။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက်လှေ	လှေ၊ သမ္ဗာန်	စက်ဘီး	မော်တော် ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၁၀	၁၁၁	၁၁	၄	-	၆၇

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေလမ်းခရီးအသုံးပြုမှုမရှိပဲ သယ်ယူပို့ဆောင်မှုတွင် စက်ဘီး ၁၀ စီး၊ မော်တော်ဆိုင်ကယ် ၁၀၅ စီး ၊ ထော်လာကျီ ၁၁ စီး၊ ကား ၄ စီး ၊ နွားလှည်း ၆၇ စီး တို့ကို အသုံးပြုကြသည်။

ကျေးရွာရှိ သယ်ယူပို့ဆောင်ရေးယာဉ်များသည် ကျေးရွာအတွက် အလွန်အသုံးဝင်ကြောင်းတွေ့ရှိရသည်။ ကျေးရွာတွင် တောထဲက ခြံကို သွားသည့်လမ်းမှာ မြေသားလမ်းဖြစ်သဖြင့် ထော်လာကျီ၊ ဆိုင်ကယ်၊ နွား လှည်း ဖြင့် မောင်းနှင်အသုံးပြုကြသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	၉၀	သင့်	မရှိ
ဆိုလာစနစ်	၅၉	သင့်	မရှိ
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်			
လေစွမ်းအင်			
ဇီဝလောင်စာ			
အခြား			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လျှပ်စစ်မီး ကို မြန်မာနှစ် ၁၃၇၈ ခုနှစ်မှ စ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာ၏ အိမ်ထောင်စု ၈၅ ရာခိုင်နှုန်းခန့်သည် လျှပ်စစ်မီးကို သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ လျှပ်စစ်မီးသွယ်တန်းအသုံး မပြုသေးသောအိမ်ထောင်စုများမှာ မူ ဆိုလာစနစ်ကို အသုံးပြုကြသည်။ တချို့အိမ်ထောင်စု အနည်းငယ်မှာ ဖရောင်းတိုင်ကို အသုံးပြုကြရသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၁၈၂	၁၉	၅၁	၁၄	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများတွင် လက်လှမ်းမီအသုံးပြုကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်း အချက်အလက်ကို ချိတ်ဆက်အသုံးပြုနိုင်သည်။ ရေဒီယို၊ တီဗွီမှတဆင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကို ချိတ်ဆက် နိုင်ကြောင်းတွေ့ရသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	ရှိ
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	မရှိ
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	ရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်နေရာများသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်လျက် ရိုးရာယဉ်ကျေးမှုအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ လူငယ်များသည် ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ သီးသန့်မရှိပေ။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	မရှိ
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ
ရဲစခန်းများအား လက်လှမ်းမီမှု	ရှိ
အခြား	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘေးကင်းလုံခြုံမှုနှင့် ဝန်ဆောင်မှုအထောက်အကူများ

လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာတွင် ရဲစခန်းမရှိသော်လည်း ကျေးရွာရှိမြို့နယ်တွင် ရဲစခန်းရှိသောကြောင့် ဘေးကင်းလုံခြုံမှုအတွက် လက်လှမ်းမီမှု ရှိကြောင်းတွေ့ရသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	**ခိုးမှု**	**မူးယစ်ဆေးသုံးစွဲမှု**	**အကြမ်းဖက်မှု**
စိုးရိမ် /သာမန်	၂	၂	၂	၂

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုမရှိ၍ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် ရဲစခန်းသို့အလွယ်တကူ ချိတ်ဆက်နိုင်၍ ကျေးရွာတွင် ရာဇဝတ်မှု မရှိပါ။ ကျေးရွာရှိ လူငယ်များသည် မူးယစ်ဆေးသုံးစွဲမှု မရှိကြောင်း တွေ့ရှိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
• သဘာဝအရင်းအမြစ်များ	ကျေးရွာတွင် စိုက်ပျိုးသည့်တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီလွှာအသင့်အတင့်ရှိသည်။ ကျေးရွာတွင် သယံဇာတထွက်ရှိမှုများမှာ သဲနှင့် ကျောက်တို့ဖြစ်ကြသည်။ အဓိကစိုက်ပျိုးသည့် သီးနှံမှာ မုန်လာထုတ်၊ ပန်းဂေါ်ဖီ၊ ပန်းမုံလာ၊ အာလူး၊ ဂျင်းနှင့် ခရမ်းချဉ်သီး တို့ဖြစ်ပြီး တစ်ရွာလုံးစိုက်ပျိုးသည့် ဧကပေါင်း(၃၀၀)ကျော် နီးပါးရှိသည်။
• နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက်	ကျေးရွာသည် ပွေးလှမှ ဟဲဟိုးတောင်ကြီးသွားသည့် ကားလမ်းဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပင်းတယမြို့နှင့် ဆက်သွယ်သွားလားရလွယ်ကူသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာ စိုက်ပျိုးရေး လုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏တစ်နှစ်မိုးရေသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး တောတောင်များ လည်းရှိသည်။ ကျေးရွာတွင် မြစ်ချောင်းများမရှိပဲ မြေပြင်အနေအထားမှာ တောင်ပေါ်ဒေသဖြစ်သည်။ တောင်ယာမြေများသည် စပါး အာလူး။ ဂျုံ၊ မုန်လာ၊ ပဲအမျိုးမျိုး ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်သည်။ ကျေးရွာသည် နွေရာသီတွင် ရေရှားပါးမှုကြောင့် ရေများဝယ်သောက်နေရ၍ အခက်အခဲရှိသည်ကို ကြားသိကြသော အလှူရှင်များလည်း ရေများကိုလာ ရောက်လှူဒါန်းပေးကြသည်။ သို့သော်ငြားလည်း နွေရာသီတွင် ရေရှားပါးမှုအန္တရာယ် ရှိနေဆဲဖြစ်သည်။
• ရပ်ရွာတည်ငြိမ်အေးချမ်းမှု	ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ကြောင့် ကူးသန်း ရောင်းဝယ်ရေး သွားလာနေထိုင်ရေးချောမွေ့ပါသည်။ ရွာသူရွာသားများသည် မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	လိုအပ်သောသတင်းအချက်အလက်များကိုလည်း ရရှိနိုင်သည်။
• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေမှ ၆ လမှာ တစ်ကြိမ်ထုတ်ချေးပေးသည်။ ၆ လပြည့်လျှင် တစ်ခါပြန်ပေးဆပ်ရသည်။ တစ်ဧကလျှင်ကျပ်တစ်သိန်းနှုန်း ဖြင့်အများဆုံး ၃ ဧကမှ ၄ ဧကအတွက်သာ ချေးယူ နိုင်ကြသည်။ သို့ပါ၍ ထိုငွေများချေးယူရာမှာ ပုံစံ(၇)ရှိသူများ သာချေးယူနိုင်ကြသည်။ တစ်ချို့သောတောင်သူများမှာ သမဝါယမဘဏ်မှ ထုတ်ချေးကြသည်။ အတိုးနှုန်းမှာ ၁.၅ ကျပ်တိုး သမဝါယမမှ ဖွဲ့စည်းပေးထားသော အဖွဲ့ဝင် များသာ ချေးယူကြသည်။ အဖွဲ့တွင် ချေးငွေကို (၆)လအထိသာ ချေးယူနိုင်ကြပြီး စည်းကမ်းပိုင်း တင်းကျပ်ထားသည်။ တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ လည်းကောင်း ပြင်ပအဖွဲ့အစည်း ထံမှ လည်းကောင်း အသိမိတ်ဆွေထံမှ လည်းကောင်း တစ်နှစ်အတိုးနှုန်း (၁၀)ကျပ်တိုးနှုန်းဖြင့် ချေးယူကြသည်။
• ဆက်သွယ်ရေး	ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်များ ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။
• ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ	ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိသေးပါ။ ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမမီသေးပါ။
• ကျေးရွာလျှပ်စစ်မီး	ကျေးရွာတွင် လျှပ်စစ်မီး ကို ကျေးရွာရှိအိမ်ထောင်စု ၉၀ ရာခိုင်နှုန်း ခန့်သွယ်တန်းအသုံးပြုနေကြပြီး ကျန်သည့် ၁၀ ရာခိုင်နှုန်းမှာ အသုံးမပြုနိုင်ကြသေးပေ။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၃)ဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၁)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် စိတ်တူကိုယ်တူ အဖွဲ့လှုပ်ရှား ဆောင်ရွက်မှုမှာ အသင့်အတင့်ရှိသည်။ နာရေးကူညီမှုအသင်း နာရေးကိစ္စအပါအဝင် လူမှုရေး လုပ်ငန်းများကို ရွာသူရွာသားများ အားလုံး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး လုပ်ရှားဆောင်ရွက်မှု အားကောင်း ပါ သည်။ ကျေးရွာတွင် အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း များရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါမည်။

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ	စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်း များထပ်မံ မတိုးချဲ့ နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။
• ကျန်းမာရေးဝန်ဆောင်မှု	ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ ကလေးငယ် အများစုသည်လည်း ကျန်းမာကြသည်။ တစ်နည်းအားဖြင့် ရာသီကူးပြောင်းကာလများတွင် နှာစေး၊ ချောင်းဆိုး၊ ခေါင်းကိုက် စသောရောဂါများခံစားရ တတ်ပါသည်။ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင် ဗဟုသုတများရှိကြသည်။ ကျေးရွာသူ ကျေးရွာသား များအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်းတွင်ရရှိနိုင်သော်လည်း မွေးလူနာများ၊ အဖျားရောဂါ ဝေဒနာပြင်းထန်စွာ ခံစားရပါက ကျေးရွာနှင့် (၁)မိုင်ခန့်ကွာဝေးသော ပွေးလှတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရွာချင်းဆက်လမ်း**					
	• လမ်းမကောင်းခြင်း	• မြေသားလမ်းဖြစ်ခြင်း	• ကျောက်ချောလမ်းခင်းပေးရန်လိုသည်။	•	ကျေးလက်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ရွာလူကြီးအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးပြီး စီမံကိန်းတစ်ခုတွင်ပါဝင်ခဲ့လျှင် ကောင်းမည်။	ရွာချင်းဆက်သွယ်သွားလာရ လွယ်ကူအောင် စီစဉ်ဆောင် ရွက်ပေးသင့်သည်။
၂	**ရေ**					
	• ရေမလုံလောက်	• အဝီစိတွင်းတူးသော်လည်းရေမထွက်	• ရေတွင်း၊ ရေကန်၊ အဝီစိတွင်းများ၌ ရေများထွက်ရှိအောင်စီစဉ်ပေးခြင်း		• ရေရရှိရေးအစီအစဉ် ဆောင်ရွက်ပေးခြင်း	–စနစ်တကျသုံးစွဲရန် အတွက် လူထုများ ပူးပေါင်း ဆောင်ရွက်သင့်သည်။
	• ရေပြွန်တံတားမကောင်းခြင်း	• ဟောင်းနွမ်းနေခြင်း	• ပြုပြင်ပေးရန်		• ကျေးရွာကော်မတီများဖွဲ့စည်းပြီး	– လမ်းတံတားများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
			လိုအပ်သည်။		ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သင့်သည်။	ဆောင်ရွက်သင့်သည်။
၃	**အာလူး**					
	• မျိုးသေ၊ ပိုးကျ • နည်းပညာအသုံးပြု မှုအားနည်းခြင်း၊ • မွေးမြူရေး နည်းပညာအားနည်း ခြင်း • ရောဂါကျခြင်း	• ဆေးစနစ်တကျ မဖြန်း • နည်းပညာဝန်ဆောင်မှု အားနည်းခြင်း • နည်းပညာဝန်ဆောင် မှုအားနည်းခြင်း • ကာကွယ်ဆေး ပုံမှန် မထိုးခြင်း	• ပုံမှန်ဆေးဖြန်းပေးရန်လို • စိုက်ပျိုးရေးဌာနရှိခြင်း • နည်းပညာဝန်ဆောင်မှုများပေးရန်လိုသည်။	• အရောင်းဈေးကွက် မရှိလျှင် အဟန့် အတားဖြစ်စေသည်။	• စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာကောင်းမျ ား လိုအပ်သည်။ • အဖွဲ့အစည်းများအား ချိတ်ဆက် ဆောင် ရွက်သင့်သည်။ • တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး အတွက် အလေးထား စိတ်တိုးတက်အောင် ဆောင်ရွက်ခြင်း • မွေးကုဋီးစီးဌာနနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှုပေးသင့် သည်။	• စိုက်ပျိုးရေးနည်းပညာများ ရရှိ အသုံးပြုမှုတိုးတက်အောင် ဆောင်ရွက်ခြင်း • စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှုတိုးတက်အေ ာင် ဆောင်ရွက်ခြင်း • တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း • ရောဂါကာကွယ်ရေး အစီအစဉ် အကောင် အထည်ဖော် ဆောင်ရွက်ခြင်း
၄	**လက်သမား**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• ကရိယာလုံလောက်မှု မရှိ	• ငွေကြေးမလုံလောက်	•ခေတ်မီသော လက်သမားကရိယာ ပစ္စည်းများ လိုအပ်ခြင်း	•	• ခေတ်မီသော လက်သမားနည်းပညာ ဗျူဟာဖြင့် ဖြေရှင်းခြင်း	• ဆောက်လုပ်ရေးကွက်လွယ်ကူစေရန် နည်းပညာကောင်းများဆောင်ရွက်သင့်သည်။
၅	**နေ့စား**					
	• အလုပ်ရှားပါးခြင်း	နွေရာသီ၌ ဌားရမ်းသူ နည်းပါးခြင်း	•နွေရာသီတွင် လုပ်ငန်းများစွာ လုပ်ရန်လိုအပ်သည်။	•	• အလုပ်အကိုင်အခွင့် အလမ်းများရရှိအောင် စီစဉ်ပေးသင့်သည်။	• အလုပ်အကိုင် အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒ ဆိုင်ရာပံ့ပိုးမှုတောင်းဆိုခြင်း
၆	**ခါး**					
	• လက်မှုပညာမတတ်	• ခါးပေါများသည်	•လက်မှုပညာတတ်ရန် လိုအပ်သည်။	•	• ခါးနှင့်ပတ်သက်သော နည်းပညာသင်တန်းများ ပို့ချပေးသင့်သည်။	• နည်းပညာပံ့ပိုးမှုများအတွက် ဝန်ဆောင်မှုပေးသင့် သည်။
၇	**ဈေးရောင်း**					
	• ဆိုင်ခန်းမရှိ	• အရင်းအနှီးမရှိ	•အထောက်အပံ့လို	•	• ဈေးဆိုင်ခန်းများ စီစဉ်ပေးရန်လိုသည်။	• ငွေကြေးဝန်ဆောင်မှုများ ပေးရန်လိုသည်။
၈	**ကျန်းမာရေး**					
	• ရာသီအလိုက်ဖြစ်တတ်သောရောဂါ	• ကျန်းမာရေး ဂရုမစိုက် ခြင်း	•ကျန်းမာရေး ဂရုစိုက် ရန်လိုအပ်သည်။		• ကျန်းမာရေးအတွက် အသိပညာ ဟောပြောပွဲ	• ကျန်းမာရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• ကျန်းမာရေးဗဟုသုတ အားနည်းခြင်း	• ဆေးရုံဆေးခန်းကြောက်ခြင်း	• ဆေးရုံဆေးခန်းများနှင့်ရင်းနှီးမှုရှိအောင် ဆောင်ရွက်ပေးခြင်း		ပြုလုပ်ပေးခြင်း • အယူသည်းခြင်းနှင့် ဆေးရုံဆေးခန်းကြောက်ခြင်းကို ပညာပေးစည်းရုံးခြင်း	• ကျေးလက်ကျန်းမာရေးဆိုင်ရာ အဆောက်အဦအသုံးအဆောင်နှင့် ဝန်ဆောင် မှုပေးခြင်း၊
၉	**အသိပညာဗဟုသုတ**					
	• စာဖတ်မည့်သူမရှိ	• အခြားအချိန်ဖြုန်းစရာများစွာရှိ	• စာကြည့်တိုက်များဖန်တီးပေးခြင်း		• စာဖတ်ချင်စိတ်ဖြစ်အောင်ဖန်တီးပေးခြင်း	• စာပေဟောပြောပွဲများကျင်းပ ပေးခြင်း
၁၀	**အရက်**					
	• အရက်သောက်သူ ပေါများခြင်း	• လွယ်ကူစွာဝယ်နိုင်	• ရောင်းချမှုကို တားမြစ်ပေးခြင်းခြင့်		• အရက်ကင်းစင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း	• တားမြစ်ပေးရမည်။ စည်းကမ်းထုတ်ရမည်။ ပညာဟောပြောပွဲကျင်းပပေးရမည်။

ကိုးကားစာရင်း

၁။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက် ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၈၊ စက်တင်ဘာ။

၂။ ၂၀၁၈ ခု နိုဝင်ဘာလ လ ရှောက်ပင်ကျေးရွာတွင် ကျင်းပခဲ့သောကျေးရွာအခြေအနေကို ရွာသူရွာသား များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊